# နအဖသို့ ဗကပ၏အိတ်ဖွင့်ပေးစာ

သို့
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မှ
ဗမာပြည်ကွန်မြူနစ်ပါတီ

(၁) တိုင်းပြည်၏ အနာဂတ်ရေးကို ဦးထိပ်ထားကာ ရိုးသားပွင့်လင်းစွာဖြင့် ဤစာကို ရေးပါသည်။ ကျွန်တော်တို့ မည်သို့စဉ်းစား မြော်မြင်သနည်းဆိုသည်ကို အားလုံးသိရှိဆင်ချင်နိုင်ကြစေရန်အတွက် အိတ်ဖွင့်ပေးစာ ပုံသဏ္ဍာန်ကို သုံးပါသည်။

အားလုံးဆိုရာ၌ တပ်မတော်တွင်းရှိ တာဝန်ထမ်းဆောင်ဆဲ တပ်မှူး၊ တပ်သားများလည်း အကြုံးဝင်ပါသည်။ ရိုးရိုး တိုက်ရိုက်ပေးစာပို့လျှင် နအဖခေါင်းဆောင်စုက ချောင်ထိုးထားလိုက်မှာ သေချာပါသည်။ ထို့ကြောင့် အိတ်ဖွင့်ပေးစာ ပုံသဏ္ဍာန်သုံးခြင်း ဖြစ်ကြောင်း ဦးစွာရှင်းလင်းထားလိုပါသည်။

(၂) ဒေါ်အောင်ဆန်းစုကြည် ဤတကြိမ်လွတ်လာခြင်းသည် ယခင်တခါလွတ်လာသည်နှင့် မတူပါ။ နအဖ က လမ်းမှန်ပေါ်သို့ တက်လှမ်းလာခြင်းဟု ကျွန်တော်တို့ ယူဆခဲ့ပါသည်။ ထုတ်ပြန်ချက် အမှတ် ၁/၂၀၀၂ နှင့် ၂/၂၀၀၂ ကို ထုတ်ပြန်ကာ ကြိုဆိုခဲ့ပါသည်။ မျှော်လင့်ချက်လည်း ထားခဲ့ပါသည်။

နိုင်ငံခြားထွက်ပြီး ပြောကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ပြောကြားချက်များက မျှော်လင့်ချက်ကို ပျက်ပြားစေပါသည်။ သို့သော် ထိုဝန်ကြီးများမှာ နိုင်ငံရေးအာဏာပိုင် နအဖအဖွဲ့ဝင်များမဟုတ်၊ နအဖကိုယ်စား ပြောရေးဆိုခွင့်ရှိသူများလည်း မဟုတ်သဖြင့် အလေးအနက်မထားပါ။

(၃) နဝတကို ဖျက်သိမ်းစဉ်က ‘စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်’ ဖြစ်ထွန်းပြီး “အေးချမ်းသာယာ – ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး” တည်ထောင်နိုင်ရန်ဟု ဆိုပါသည်။

ယခု (၅) နှစ်နီးပါး ရှိလာပါပြီ။ မည်မျှ ခရီးပေါက်ခဲ့ပါသနည်း။ ခရီးမပေါက်ကြောင်း ပြည်သူများ သိပါသည်။ နအဖလည်း သိပါလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်မှ လွှတ်ပေးခြင်း၊ ဗိုလ်ပ်မပြန်ခိုင်းတော့ဘဲ နိုင်ငံရေးအဆင့်နေရာ တစုံတရာပေးခြင်း တို့သည် မှန်ကန်သည့်ခြေလှမ်း ဖြစ်ပါသည်။ သို့သော် သွားရမည့်ခရီး ဝေးပါသည်။ ပထမခြေလှမ်းမျှသာ ဖြစ်ပါသေးသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က သူတို့ချမှတ်ထားသော “မူ” များကို အလျှော့အတင်း အပေးအယူလုပ်မည်ဟု တိတိလင်းလင်း ကြေညာလိုက်ပါသည်။ ကောင်းသော အစပျိုးမှုဟု ယူဆပါသည်။ သို့သော် NLD က ကြေညာသကဲ့သို့ အဘယ့်ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) က မကြေညာနိုင်ပါသနည်း။

ဗိုလ်နေဝင်းမိသားစုထဲမှ ‘သမက်တယောက်၊ မြေး (၃) ယောက်’ ကို အရေးယူခဲ့ပြီးသည့်နောက်တွင်လည်း စေ့စပ်ဆွေးနွေးပွဲ အဘယ့်ကြောင့် တဆင့်မတက်နိုင်ပါသနည်း။ မည်သည့်အခက်အခဲ အတားအဆီးများ ရှိနေပါသနည်း။ ပြည်သူနှင့်အတူ ကျွန်တော်တို့ သိလိုပါသည်။

အာဏာမပိုင်သည့်သူများကို ‘ထမင်းရည်ပူ လျှာလွှဲ’ စကားများ ပြောနေစေခြင်းဖြင့် နိုင်ငံတကာ့အသိုင်းအဝိုင်းကို လှည့်စား နေခြင်းသည် အမြော်အမြင်မဲ့ရာ ကျပါသည်။ ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်လာပါလိမ့်မည်။

မျက်မှောက်ခေတ်တွင် – ပြည်တွင်းရေးကိစ္စကို နိုင်ငံတကာ့ကိစ္စဖြစ်အောင် လုပ်ခြင်းသည် အမြော်အမြင်မဲ့မှုသာမက ‘မိုက်မဲမှု’ ဖြစ်ပါသည်။ ဗမာပြည်ကိစ္စ ASEAN ရောက်၊ ARF ရောက် ရောက်နေခြင်းသည် တိုင်းပြည်ပြည်အတွက် အကျိုးမဲ့စေပါသည်။ ကိုယ့်ပြည်တွင်းကိစ္စ ကိုယ့်ဘာသာ ဖြေရှင်းသင့်ပါသည်။

ကိုယ့်ပြည်သူပြည်သားချင်း ဖြေရှင်းနိုင်ပါလျက် အဘယ့်ကြောင့် ပြဿနာကို ကျယ်ပြန့်အောင် လုပ်နေပါသနည်း။ မလုပ်သင့် ပါ။ အမြန်ဆုံး ရပ်ပစ်သင့်ပါသည်။

(၄) ထိပ်တိုက်တွေ့နေကြစဉ်က NLD သည်လည်းကောင်း SPDC သည်လည်းကောင်း ‘မူ’များ ချမှတ်ခဲ့ကြပါသည်။ ထိပ်တိုက် တွေ့နေသည့် ‘မူ’ များချည်း ဖြစ်ပါသည်။

NLD က ‘မူ’ ကို အပေးအယူ အလျှော့အတင်း လုပ်မည်ဟု ပြောနေပါသည်။ SPDC ကပါ ထိုအတိုင်း လုပ်မည်ဟု အမြန် ကြေညာသင့်ပါသည်။ SPDC က ဤသို့ မကြေညာရဲသည်မှာ

(၁) လွန်သွားလေကုန်ပြီးသော စစ်အုပ်စုဟောင်းများကို ကြောက်နေခြင်း။

(၂) အကြံကြီးသော လူငယ်ခြေတက် စစ်ဗိုလ်များက 'တို့တက်လမ်း' ပိတ်ခဲ့သည် စွပ်စွဲမှာ ကြောက်နေခြင်းဟု သုံးသပ်မိပါသည်။

ဤကြောက်စရာ (၂) ခု ကြားတွင် သန်းအေးညွန့် စစ်အုပ်စု ယောင်ဝါးဝါး ဖြစ်နေသည်။ ဘာဆက်လုပ်ရမည်ကိုပင် မသိသလို ဖြစ်နေသည်။

စေ့စပ်ဆွေးနွေးပွဲ လုပ်ဖို့က အသင့်မဖြစ်သလို 'အမျိုးသား ညီလာခံ' ဆိုတာကြီးကို ဆက်လုပ်လို့ကလည်း မဖြစ်။ ဤသို့ဖြင့် ငုတ်တုတ်ထိုင်နေတော့သည်။

နအဖ ချမှတ်ထားသော 'မူ' များ အားလုံးသည် ထိုအကြံကြီးသူများအတွက် ချမှတ်ထားသော 'မူ' များ ဖြစ်နေသည်။

ထို့ကြောင့် 'မူ' တွေကို အလျှော့အတင်း အပေးအယူ လုပ်ပါမည်ဟု သန်းအေးညွန့်တို့ မကြေညာဝံ့ခြင်း ဖြစ်၏။ ထိပ်သီး (၃) ဦး ကလည်း တယောက်ခြေတယောက် ကြည့်နေကြသဖြင့် မည်သူကမျှ ရဲရဲဝံ့ဝံ့ အကြံသစ်ဉာဏ်သစ် မထုတ်ဝံ့ ဖြစ်နေသည်။ ဤသို့ဖြင့် အကြံကုန်ဉာဏ်ကုန်ဖြစ်ကာ ပြည်ပအရေး ထိုင်းနှင့် စကားစစ်ထိုးပွဲ (ဆောင်းပါးချင်းလည်း တိုက်ကြသည်) လုပ်နေတော့သည်။

(၅) ပုဂ္ဂလိကအရေးထက် တိုင်းပြည်အရေးကို ဦးထိပ်ထားသော တပ်မတော် တပ်မှူးတပ်သားများ အများအပြားရှိသည်ဟု ယုံကြည်ပါသည်။ ထိုမျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်များက ရဲဝံ့ပြတ်သားသော အကြံသစ်ဉာဏ်သစ် ထုတ်ရပါမည်။

ခေတ်အဆက်ဆက်တွင် ဤလိုပုဂ္ဂိုလ်များ ရှိဖူးပါသည်။ ပေါ်လစီချမှတ်နိုင်သည့် အဆင့်နေရာမရှိ၍သာ သူတို့အနေဖြင့် တိုင်းပြည်အတွက် ကောင်းမှုမပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သန်းအေးညွန့် စစ်အုပ်စုက NLD နှင့် အကြေအလည် မဆွေးနွေးဘဲ နောက်စစ်အုပ်စုတစုကို အာဏာလွှဲပေးသွားမည်ကို ခွင့်မပြုနိုင်ပါ။ နဝတ က နအဖသို့ ပြောင်းသလိုမျိုး ပြောင်းပေးသွားမည်ကို စိုးရိမ်ပါသည်။ 'နိုင်ငံတော်' ဖြင့် စပြီး 'ကောင်စီ' ဖြင့် ဆုံးမည့် နောက်အဖွဲ့တဖွဲ့ မလိုချင်တော့ပါ။

မလိုချင်တာ ဖြစ်လာလျှင် ကျွန်တော်တို့ငုံ့ခံနေမည် မဟုတ်။ ပြည်သူတွေကလည်း ငုံ့ခံနေမည် မဟုတ်ပါ။

တပ်မတော်တွင်း တပ်မတော်ပ မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်များက NLD SPDC ဆွေးနွေးပွဲ တဆင့်တက်ရေးကို တွန်းအားပေးစေလိုပါသည်။

ယခုလုပ်နေသည့် တခါတွန်းမှ တချီရွေ့သည့်ပေါ်လစီကို ပြည်သူက ခွင့်မပြု၊ နိုင်ငံတကာအခြေအနေက ခွင့်မပြုနိုင်တော့ပါ။ ဤနှုန်းဖြင့် သွားနေလျှင် နောက်ထပ် (၁၀) နှစ် ကြာလိမ့်မည်။ မစောင့်နိုင်ပါ။

အရာရာ အစီအစဉ်အတိုင်း သွားနေသည်ဟုထင်လျှင် မှားပါလိမ့်မည်။ မဆလသည်လည်း ထင်ဖူးပါသည်။ ၁၉၈၈ မတ်လ၊ ဇွန်လအထိ ထင်ခဲ့ပါသည်။ ဩဂုတ်လ အုံကြွမှုကြီး ပေါ်လာမှ ဒီအတိုင်း စခန်းသွားလို့ မဖြစ်ကြောင်း သိသွားပါသည်။ နောက်ကျသဖြင့် နာကျင်မှု ကြီးခဲ့ပါသည်။

ဤသင်ခန်းစာကို နအဖ စစ်အုပ်စု မမေ့သင့်ပါ။ ပေါ်လစီချမှတ်နိုင်သည့် အဆင့်နေရာရှိသူများနှင့် နအဖ၏ ပေါ်လစီကို ပြောင်းလဲအောင် လုပ်နိုင်သည့် အဆင့်နေရာရှိသော ဗမာ့တပ်မတော် တပ်မှူးအကြပ်တပ်သားများကို NLD SPDC ဆွေးနွေးပွဲ အမြန်လုပ်ရေး၊ အပေးအယူ အလျှော့အတင်းလုပ်ရေးကို တွန်းဆော်ကြပါရန် ပန်ကြားပါသည်။

အခွင့်အလမ်းဆိုသည်မှာ ထာဝရမရှိပါ။ တဒင်္ဂပေါ်လာသည့် အခွင့်အလမ်းကို ဖမ်းယူဆုပ်ကိုင်နိုင်မှ တိုင်းပြည်အနာဂတ် လှပါလိမ့်မည်။

လွတ်လပ်ရေးမရမီ အကြိုကာလက တဒင်္ဂအခွင့်အလမ်း ပေါ်ဖူးပါသည်။ ကျွန်တော်တို့ လက်လွှတ်ခဲ့ပါသည်။ ပြည်တွင်းစစ် ဖြစ်ခဲ့ပါသည်။

ယခုလည်း အခွင့်အလမ်း မကွယ်ပျောက်မီ အမိဖမ်းဆုပ်ကိုင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

| | |
|---|---|
| ၁၃၆၄ ခု၊ ဝါခေါင်လဆုတ်၊ ၉ ရက်။ | ဗဟိုစည်းရုံးရေးကော်မတီ |
| ၂၀၀၂ ခုနှစ်၊ စက်တင်ဘာ ၁ ရက်။ | ဗမာပြည်ကွန်မြူနစ်ပါတီ |